# တရားချစ်တဲ့သူ

**ဓမ္မဒူတ-ဒေါက်တာအရှင်ပညိဿရ**
**B.A (Myanmar), M.A (Srilanka),Ph.D (India)**
**သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ**
**သာသနဟိတဂဏဝါစကာစရိယ**

**ဓမ္မဒူတ တောရသာသနာ့ရိပ်သာ**
**ဟံသာဝတီဂေါက်ကွင်းအနီး၊**
**ဆယ်မိုင်ကုန်း၊ ပဲခူးမြို့။**
**၀၅၂ -၂၄၅၅၀၊ ၀၉ - ၅၁၀၄၆၆၉**

## * တရားချစ်တဲ့သူ *

၁၃၆၇ ခုနှစ် နယုန်လပြည့်ကျော် (၈)ရက်နေ့ နေ့လည်တွင် ကျိုက်ထိုမြို့ ကသစ်ဝိုင် ဓမ္မရိပ်သာ၌ ဆင်ယင်ကျင်းပအပ်သော ဓမ္မဒူတ ဓမ္မာနုပဿနာ တရားစခန်းတွင် ကျိုက်ထိုမြို့ ဓမ္မမာမကာ ဝိသာခါ အသင်းသူ အသင်းသားများ လှူဒါန်းသော ယောဂီဆောင် အတွက် ပထမအကြိမ် အလှူငွေ ကျပ်(၁၀)သိန်း လှူဒါန်းသော မင်္ဂလာအခမ်းအနားတွင် ဟောကြားအပ်သော "တရားချစ်တဲ့သူ" တရားတော် . . .

တရားမဟောခင်၊ တရားမနာခင်မှာ တရားပိုင်ရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရှင်ကို နမောတဿ ဘုရားရှိခိုးနဲ့ ရှိခိုးပူဇော်ကြရအောင်. . .



**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

**အရဟတော** - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော်ပူဇော် အထူးကို ခံတော်မူထိုက်ပါပေထသော၊

**အရ, ဟတော** - တစ်ထောင့်ငါးရာ ကိလေသာမှ ဝေးကွာတော်မူတတ်ပါပေထသော၊

**အ, ရဟတော** - ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကိုပြုတော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော်မမူတတ်ပါပေထသော၊

**အရဟတော** - ကိလေသာမာန် သူပုန်ရန်ကို အောင်တော်မူ၊ နိုင်တော်မူတတ်ပါပေထသော၊

**သမ္မာသမ္ဗုဒ္ဓဿ** - မဖောက်မပြန်၊ တရားမှန်ကို၊ ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့်၊ ထိုးထွင်း၍သိမြင်တော်မူတတ်ပါပေထသော၊

**တဿ ဘဂဝတော** - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည်၊ ဘုန်းခြောက်

လီနှင့်ပြည့်စုံတော်မူသော၊
ထိုမြတ်စွာဘုရားအား၊

**နမော နမာမိ** - ရှိခိုးပါ၏ အရှင်ဘုရား။

**နမော နမာမိ** - ကိုယ်နှုတ်နှလုံး၊ သုံးပါးပျောင်းပျော့၊ မာန်ကိုလျှော့၍၊ ကန်တော့ရိုကျိုး၊ လက်အုပ်မိုးကာ၊ ရှိခိုးပါ၏ အရှင်ဘုရား။ ။

ကျိုက်ထိုမြို့က ဒကာမကြီးများ ကုသိုလ်ကောင်းမှုတွေ အတူတကွပြုကြမယ်လို့ အသင်းအဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင်ကြတယ်။

အဲဒီ အဖွဲ့အတွက် နာမည်ရွေးပေးဖို့ ဘုန်းကြီးဆီကို လွန်ခဲ့တဲ့ (၃)လလောက်က ဘုန်းကြီး အိန္ဒိယ သွားခါနီးမှာ ဒကာမကြီး ဒေါ်မာဆွေ၊ ဒေါ်ဝင်းမြို၊ ဒေါ်တင်လှ၊ ဒေါ်သန်းယဉ်တို့ ရောက်လာကြပါတယ်။

ဒကာမကြီးတွေက ဘုန်းကြီးကို ပဲခူးဓမ္မဒူတ သာသနာ့ရိပ်သာကျောင်းမှာ ပြည်ပခရီးကြွခါနီး ဆွမ်းကပ်ကြဖို့ ရည်ရွယ်ကြတာပါ။



သူတို့လျှောက်တဲ့ အချိန်မှာ ဘုန်းကြီးကလည်း ခရီးသွားခါနီး အချိန်မရတော့ဘူး။ ပဲခူးနဲ့ ရန်ကုန် သွားလိုက်ပြန်လိုက်နဲ့ မဖြစ်တော့ဘူး။ ဒါကြောင့် ရန်ကုန် လာပြီးတော့သာ ကပ်ပါတော့ဆိုတော့ ဒကာမကြီးတွေ ရောက်လာကြပါတယ်။

ဆွမ်းကပ်ပြီးတော့ အေးအေးဆေးဆေး စကားပြောရင်း "သူတို့ ကျိုက်ထိုမြို့မှာ အမျိုးသမီးတွေ စုစည်းပြီး အဖွဲ့လေးတစ်ခု ဖွဲ့ထားပါတယ်။ ဘုန်းကြီးကိုလည်း နာယက အဖြစ် တင်ထားကြပါတယ်။ အသင်းအဖွဲ့ရဲ့နာမည် ရွေးချယ်ပေးပါ" ဆိုတော့ ဘုန်းကြီးက **"ဓမ္မမာမကာ"** ဆိုတဲ့ အမည်လေး ပေးလိုက်ပါတယ်။

အပြည့်အစုံဆိုရင် **"ဓမ္မမာမကာ ဝိသာခါအဖွဲ့"** လို့ ဘုန်းကြီး အမည်ရွေးပေးလိုက်ပါတယ်။ စိတ်ထဲမှာ ဘာတွေစဉ်းစားပြီး ဒီအမည် ပေးလိုက်တာလဲ ဆိုရင်. . .

**"ဓမ္မမာမကာ"** ဆိုတာ **"တရားချစ်တဲ့သူ"** လို့ အဓိပ္ပါယ်ရပါတယ်။ ပါဠိလို ဓမ္မမာမကာ၊ မြန်မာလို တရားချစ်တဲ့သူပါ။

ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်မယ့် လုပ်ငန်းကိစ္စတွေကို ကြည့်မယ်ဆိုရင် တရားဓမ္မနဲ့ ဆက်စပ်ပက်သက်နေတာ တွေ့ရပါတယ်။ တရားကိစ္စ၊ တရားရေးရာတွေမှာ အတူတကွ ကုသိုလ်ကောင်းမှုတွေ ပေါင်းစုပြီးပြုကြမှာဆိုတော့



ဒါဟာ တရားကိုချစ်ခင်တဲ့ သဘော၊ နှစ်သက်တဲ့သဘော၊ မြတ်နိုးတဲ့သဘောကို ဖော်ပြနေတာပါ။ ဒါကြောင့် ဘုန်းကြီးက ဓမ္မမာမကာလို့ အမည်ပေးတာပါ။

ပြီးတော့ နောက်ကနေ ဝိသာခါလို့ ထပ်ဖြည့်ပြီး ထည့်ပါတယ်။ ဝိသာခါဆိုရင် ဘုန်းကြီးတို့ပရိသတ် သိပါတယ်။ ဘုရားရှင်ရဲ့ ကျောင်းအမကြီးပါ။ ပုဗ္ဗာရုံ ကျောင်းတိုက်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့တဲ့ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးကြီးပါ။

မြတ်စွာဘုရား လက်ထက်က ထင်ရှားတဲ့ ကျောင်းဒါယကာနဲ့ ကျောင်းဒါယိကာမ ပြပါဆိုရင် အထူးစဉ်းစားစရာ မလိုပါဘူး။ ကျောင်းဒါယကာများဘက်က အနာထပိဏ်၊ ကျောင်းဒါယကာလို့ ဆိုလိုက်တာနဲ့ အနာထပိဏ်ကို ပြေးပြီးတော့သတိရတယ်။ ကျောင်းအမ ဆိုရင် ဝိသာခါကို သတိရကြတယ်။ ကျောင်းအမ ဝိသာခါ ဆိုတဲ့အမည် ချက်ချင်းခေါင်းထဲ ဝင်လာပါတယ်။

ဘုန်းကြီးတို့ ဒကာမကြီးများကလည်း စုပေါင်းပြီး၊ စုစည်းပြီး ပထမဦးဆုံး အလှူအနေနဲ့ ကျောင်းလှူမယ် ဆိုတော့ ဘုန်းကြီးက ဓမ္မမာမကာ အပြင် ဝိသာခါလို့ ဖြည့်စွက်ပေးလိုက်တာပါ။ အမျိုးသမီးများကို ကိုယ်စားပြုတဲ့ အမည်လည်း ဖြစ်သွားအောင်ပါ။

ကျောင်းအလှူကိုလည်း ဖော်ပြရာ ရောက်တယ်

လေးစားအပ်တဲ့ ကျောင်းအမကြီးကိုလည်း ဂုဏ်ပြုရာ ရောက်တယ်။ နောက်တစ်ခါ အဖွဲ့ဝင်များဟာ ဝိသာခါ အဖွဲ့ရယ်လို့ ဖြစ်လာတော့ ဝိသာခါ ကျောင်းအမကြီးလိုပဲ ကုသိုလ်ကောင်းမှုတွေ အမြဲမပြတ်ပြုစေချင်တဲ့ အဓိပ္ပါယ် လည်း ပါ,ပါတယ်။

"ဓမ္မမာမကာဝိသာခါအဖွဲ့ရဲ့ လုပ်ငန်းစဉ်အနေနဲ့ ပထမဦးဆုံး ဘာတွေဆောင်ရွက် လုပ်ကိုင်ကြမှာလဲ" လို့ ဘုန်းကြီးမေးကြည့်တော့ ဘုန်းကြီး အခု အသစ် တည်ထောင် နေတဲ့ ရိပ်သာ၊ ပဲခူးမြို့ ဆယ်မိုင်ကုန်းမှာပါ။ ဒီကနေသွားရင် ဟံသာဝတီ ဂေါက်ကွင်းဘေး ကပ်လျက်မှာ ဓမ္မဒူတတောရ သာသနာ့ရိပ်သာလို့ တရားရိပ်သာအသစ် တစ်ခု မနှစ်က ဒီအချိန်မှာ စပြီး တည်ထောင်ပါတယ်။ ခုဆိုရင် တစ်နှစ်သား၊ တစ်နှစ်အရွယ်ပဲ ရှိပါသေးတယ်။ အဲဒီမှာ ယောဂီဆောင် ဆောက်လုပ် လှူဒါန်းကြပါမယ်တဲ့။

**"ဓမ္မဒူတတောရ သာသနာ့ရိပ်သာ"** လို့ ဘုန်းကြီး တည်ထောင်တဲ့ ရည်ရွယ်ချက်ကလည်း တရားကို ချစ်ခင်လို့၊ တရားကို မြတ်နိုးလို့ပါ။ ရိပ်သာမှာ တရားလိုလားသူတွေ ချမ်းချမ်းသာသာနဲ့ ကျင့်ကြံ အားထုတ်ပြီး တရားရကြပါစေ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

သွားရေး၊ လာရေးလည်း လွယ်ကူမယ်။ နေရာ ထိုင်ခင်းလည်း သင့်တင့်မျှတမယ်။ ဆက်သွယ်ရေး



စ,တာတွေလည်း ကောင်းမယ့်နေရာ ကြည့်ပြီး ဘုန်းကြီးက ပြည်တွင်းပြည်ပက ယောဂီအားလုံးအတွက် အဆင်ပြေမယ့် နေရာသစ်တစ်ခု ရွေးချယ်သတ်မှတ်လိုက်တာပါ။ ဓမ္မဒူတ တောရ သာသနာ့ရိပ်သာလို့ ရိပ်သာအသစ် တည်ဆောက် တာပါ။

ခုဆိုရင် ဘုန်းကြီး သီတင်းသုံးမယ့် ကျောင်းဆောင်နဲ့ လုံးချင်းယောဂီဆောင် (၂)ဆောင်၊ (၃)ဆောင်လောက် ပြီးသွားပါပြီ။ နောက်ထပ် ယောဂီဆောင်များလည်း တည်ဆောက်ဆဲပါ။

တစ်နှစ်တာကာလအတွင်း၊ ကျောင်းတွင်း လိုအပ်တဲ့ ရေမီးတွေ၊ လမ်းတွေ၊ သန့်စင်ခန်း၊ ရေချိုးခန်း ရေစင်တွေ၊ အုတ်တံတိုင်းတွေနဲ့ အခြေခံလိုအပ်ချက်တွေ အတော်လေး ပြီးလာပါပြီ။ ဆွမ်းစားကျောင်းတို့၊ သိမ်+ဓမ္မာရုံတို့၊ နှစ်ထပ် ယောဂီဆောင်တို့ ဆက်ပြီးဆောက်ရအုံးမှာပါ။ ပြီးတာပြီးပေမယ့် လိုအပ်နေသေးတာတွေကတော့ အများကြီး ရှိပါသေးတယ်။

အခု ကျိုက်ထိုမြို့က ဒကာမကြီးတို့ စုပေါင်း ဖွဲ့စည်း ထားတဲ့ ဓမ္မမာမကာ ဝိသာခါ အဖွဲ့ကလည်း (၂၅)သိန်းတန် ယောဂီဆောင်တစ်ခန်း လှူကြမယ်လို့ စီစဉ်ကြတယ်။

ဘုန်းကြီးက ဒီနှစ်ထဲမှာ အလွယ်တကူနဲ့ မြန်မြန် ဆန်ဆန်ပြီးနိုင်တဲ့ နှစ်ခန်းတွဲ လုံးချင်းယောဂီဆောင်လေး တွေ စပြီးဆောက်လုပ်ပါတယ်။ တစ်ခန်းကို တန်ဖိုး



(၂၅)သိန်း၊ နှစ်ခန်းဆိုရင် တစ်ဆောင်၊ သိန်း(၅၀)လို့ သတ်မှတ်ထားပါတယ်။ အဲဒီမှာ တစ်ခန်းလှူဒါန်းကြမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စတင်ဖွဲ့စည်းကြတယ်။ ခုဆိုရင် ဒါက ပထမအကြိမ် ကျပ်(၁၀)သိန်း လှူဒါန်းကြတာပါ။ ပထမဦးဆုံး အစီအစဉ်အနေနဲ့ လှူဒါန်းကြတာပါ။

ဒီအလှူမှာ ဓမ္မကိုပဲ အာရုံပြုစေချင်ပါတယ်။ အသင်းအဖွဲ့အမည်ကလည်း ဓမ္မမာမကာ- တရားချစ်တဲ့သူ ဆိုတော့ ဘုန်းကြီးတို့ပရိသတ်က ဓမ္မကို အာရုံပြုရပါမယ်။ တရားကိုပဲ အာရုံပြုရပါမယ်။

ဓမ္မအာရုံ၊ တရားအာရုံနဲ့ ပြုတဲ့ ကောင်းမှု ကုသိုလ်၊ လှူဒါန်းတဲ့ဒါနဟာ ဓမ္မဒါနပါ။

ဓမ္မမာမကာ ဝိသာခါအဖွဲ့က လှူဒါန်းတဲ့ ဓမ္မဒါနမို့ ဓမ္မကို အာရုံပြုတဲ့အလှူ ဖြစ်လာကြပါပြီ။

ဘုန်းကြီးက ဓမ္မမာမကာ အဖွဲ့သူတွေကို တရား ချစ်တဲ့သူတွေလို့ ပြောချင်ပါတယ်။ တရားချစ်တဲ့သူတွေ တရားကို ချစ်တယ်ဆိုတာ အကြောင်းမဲ့ချစ်နေကြတာ မဟုတ် ပါဘူး။ တရားဟာ ချစ်စရာကောင်းလွန်းလို့ကို ချစ်နေကြ တာပါ။

လောကမှာ တစ်စုံတစ်ခု၊ တစ်ဦးတစ်ယောက်၊ သက်ရှိသက်မဲ့ အရာဝတ္ထုပစ္စည်းတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေကို ဘုန်းကြီးတို့ပရိသတ် ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ

ချစ်စရာကောင်းလို့ပါပဲ။ ဓမ္မကို အသေအချာလေ့လာကြည့်လိုက်မယ်ဆိုရင်လည်း ချစ်စရာကောင်းတဲ့ အချက်လေးတွေ၊ မြတ်နိုးစရာကောင်းတဲ့ အချက်လေးတွေကို တွေ့ကြရပါမယ်။

မြတ်စွာဘုရားရှင်က မိန့်တော်မူပါတယ်။ **"သူတော်ကောင်းတရားကို နာကြားခွင့်ရမယ်၊ သိခွင့်ရမယ်၊ ကျင့်ကြံခွင့်ရမယ်ဆိုရင် ကောင်းကျိုးချမ်းသာတွေ ဖြစ်လာပါတယ်"** တဲ့။

ဒါဟာ ဓမ္မရဲ့ ချစ်စရာကောင်းတဲ့ အချက်တစ်ချက်ပါ။ ကောင်းကျိုးချမ်းသာတွေကို ဖြစ်ပေါ်လာစေပါတယ်။ လူတိုင်း လူတိုင်း ကောင်းကျိုးကို လိုချင်တယ်။ ချမ်းသာကို လိုချင်ကြတယ်။ လူတိုင်း ရသလားဆိုရင် မရနိုင်ပါဘူး။ တရားချစ်တဲ့သူတွေမှ ရပါလိမ့်မယ်။ တရားချစ်တဲ့သူတွေမှ အံ့သြလို့ မကုန်နိုင်တဲ့ ကောင်းကျိုးချမ်းသာတွေ ရကြပါတယ်။

အခု ဘုန်းကြီးတို့ပရိသတ်တွေ တရားကို ချစ်ခွင့်ရကြတယ်။ ပစ္စုပ္ပန် တမလွန် နှစ်တန်၊ နှစ်ဘဝ နှစ်လောကမှာ ကောင်းကျိုးတွေကို လိုလားကြလို့ အတူတကွ စိတ်တူကိုယ်တူ ကုသိုလ်တွေပြုကြမယ်၊ တရားဓမ္မကို ချစ်မြတ်နိုးကြမယ်လို့ ဖွဲ့စည်းထားတဲ့အဖွဲ့မို့ ဘုန်းကြီးက ဓမ္မမာမကာအဖွဲ့လို့ ဂုဏ်တင်ပေးတာပါ။



အဖွဲ့တစ်ခု အသင်းတစ်ခု ဖြစ်လာပြီဆိုတော့ အရှည်သဖြင့် တည်တံ့ဖို့ ခိုင်မြဲဖို့ ကုသိုလ် ကိစ္စတွေ ဆက်လက် ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်ချက် (၂)ချက် သိရအောင် ပြောလိုက်ပါအုံးမယ်။

**"သဒ္ဓါ ဆန္ဒ သဟေ တတာ"**

တစ် အချက်က ယုံကြည်ချက် တူရမယ်။ စာလို ပြောရရင်တော့ သဒ္ဓါတရား တူရမယ်ပေါ့။

အခု အဖွဲ့သူ အဖွဲ့သားများမှာ တူညီတဲ့ ယုံကြည်ချက် သဒ္ဓါတရားတွေ ရှိနေကြတယ်။ ကိုယ့်မှာလည်း သဒ္ဓါတရား ရှိတယ်။ သူ့မှာလည်း သဒ္ဓါတရား ရှိတယ်။ သဒ္ဓါတူလို့ ပေါင်းစပ်လို့ ရကြတာပါ။ သဒ္ဓါချင်း မတူကြဘူး၊ ယုံကြည်ချက်တွေ ကွဲပြားခြားနားနေကြမယ်ဆိုရင်၊ ခုလို ပေါင်းလို့ မရတော့ပါဘူး။

ယုံကြည်ချက် မတူသူတွေ ကြာရှည်ပေါင်းစပ်လို့ မရပါဘူး။

နောက်တစ်ချက်က ဆန္ဒချင်း တူရမယ်။ ဆန္ဒ ဆိုတော့ ရည်မှန်းချက်၊ ရည်ရွယ်ချက်လို့ ပြောနိုင်ပါတယ်။ အဖွဲ့သူ အဖွဲ့သားတွေ အားလုံး ရည်ရွယ်ချက်တွေ တူကြရမယ်။ အခု ယောဂီဆောင်လှူမယ်လို့ ရည်မှန်းထားကြတယ်။ အားလုံး စိတ်တူကိုယ်တူ ကြည်ကြည်ဖြူဖြူ လှူကြမယ်။ နောင်



တစ်ခြား, တစ်ခြားသော ကုသိုလ်ကောင်းမှုတွေ ပြုတဲ့အခါမှာလည်း စိတ်တူကိုယ်တူ ရှိကြရပါမယ်။

ဒီတော့ သဒ္ဓါချင်းလည်း တူတယ်။ ဆန္ဒချင်းလည်း တူကြတယ်။ တစ်မျိုးပြောရရင် ယုံကြည်ချက်ချင်းလည်း တူတယ်။ ရည်ရွယ်ချက်ချင်းလည်း တူကြတယ်။ ဒါကြောင့် အတူတကွ ပေါင်းစပ်ပြီး ကုသိုလ်ပြုဖြစ်ကြတာပါ။

ယုံကြည်ချက် မတူသူတွေ ပေါင်းလို့ မရနိုင်ပါဘူး။ ရည်ရွယ်ချက်တွေ ကွဲပြားနေရင် တွဲစပ်လို့ မရပါဘူး။ တူမျှတဲ့သဒ္ဓါ၊ ညီညွတ်တဲ့ဆန္ဒတွေ ရှိနေကြလို့ အခု အားလုံး စုပေါင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုဖြစ်ကြပါတယ်။

တစ်ယောက်ထဲ တစ်ဦးထဲ ကိုယ့်စိတ်ကြိုက် ကုသိုလ်ကောင်းမှုပြုရတာက လွယ်ပါတယ်။ ကိုယ်သဒ္ဓါတဲ့ နေရာ ကိုယ်လှူလိုက်ရုံပါပဲ။ ကိုယ်ကြည်ညိုတဲ့ ပုဂ္ဂိုလ် ကိုယ်လှူလိုက်ရုံပါပဲ။ကိုယ့်မှာ ဆန္ဒရှိတဲ့အတိုင်း ဒီဆန္ဒ၊ ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်လို့ ဖြစ်ပါတယ်။ ဘာကိုပဲလုပ်လုပ် တစ်ဦးတည်းဆန္ဒ တစ်ဦးတည်းရဲ့ ရည်မှန်းချက်ကို ကိုယ်ပိုင် အတွေးအခေါ်၊ ကိုယ်ပိုင် အယူအဆနဲ့ လုပ်ဆောင်ဖို့ ဆိုတာ မခဲယဉ်းပါဘူး။

အသင်းအဖွဲ့ အစုအပေါင်းနဲ့ ဖြစ်လာတဲ့ အခါကျတော့ တစ်ဦးတည်း တစ်ယောက်တည်းရဲ့ဆန္ဒနဲ့ တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်လို့ မရတော့

ပါဘူး။ အများဆန္ဒ၊ အများရဲ့သဘောထားကို လေးစားရတော့မယ်။ ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြရတော့မယ်။

ဓမ္မမာမကာ ဝိသာခါ အသင်းဝင်တွေ အရေအတွက်အားဖြင့် (၁၉၀)ကျော်ပြီတဲ့။ နောင် ဒါထက်လည်း များချင်များလာဦးမယ်။ တိုးချင်လည်း တိုးလာဦးမယ်။ အသင်းဝင်အားလုံး အခုအချိန်မှာ သဒ္ဓါချင်း၊ ဆန္ဒချင်း တူညီနေကြသလို နောင်ကိုလည်း တူညီနေကြဖို့ လိုပါတယ်။ အစဉ်ထာဝရ တိုက်ဆိုင်ညှိနှိုင်းပြီး ညီမျှနေကြဖို့ လိုပါတယ်။

အတူတကွ ကုသိုလ်ကောင်းမှုပြုကြတော့ ဘယ်လို အကျိုးတွေ ဖြစ်လာသလဲဆိုရင် မြောက်မြားတဲ့ ကောင်းကျိုး၊ ကြီးကျယ်တဲ့ ကောင်းကျိုးမင်္ဂလာတွေ ဖြစ်လာပါတယ်။

တရားချစ်တဲ့သူတွေကို တရားကလည်း အတုန့်အပြန်အနေနဲ့ ပြန်လည်ချစ်ခင်ပါတယ်။ တရားစောင့်သူကို တရားက ပြန်လည်စောင့်ရှောက်ပါတယ်။ ဘုန်းကြီးတို့ ပရိသတ်က ဓမ္မကို ချစ်မြတ်နိုးတယ်ဆိုရင်တော့ ဓမ္မက ပြန်လည်တုံ့ပြန်မှာပါ။ ပြန်လည်စောင့်ရှောက်မှာပါ။

နောက်တစ်ချက်အနေနဲ့ **"သူတော်ကောင်း တရားတွေကိုသင်ယူမယ်၊ နာယူမယ်၊ ကျင့်ကြံပွားများ အားထုတ်မယ်ဆိုရင် အသိအလိမ္မာ ဉာဏ်ပညာတွေ တိုးတက်လာပါတယ်"** လို့ မြတ်စွာဘုရားရှင်က မိန့်တော်မူပါတယ်။



တရားချစ်တဲ့သူတွေမှာ အသိဉာဏ်တွေ တိုးတက် လာပါမယ်။ လောကီပညာ၊ လောကုတ္တရာ ပညာတွေ တိုးတက်လာပါလိမ့်မယ်။ ဒီပညာတွေကို ဘုန်းကြီးတို့ပရိသတ် ချစ်တဲ့ တရားဓမ္မက ပေးလာတာပါ။ ဒါဟာလည်း တရားဓမ္မရဲ့ ချစ်စရာကောင်းတဲ့ အချက်တစ်ချက်ပါပဲ။

တရားဓမ္မနဲ့သာ ကင်းကွာနေခဲ့ရင် အသိအလိမ္မာ ဉာဏ်ပညာတွေ မရနိုင်ပါဘူး။ တရားဓမ္မကို နာကြားတယ်၊ သင်ယူတယ်။ တရားဓမ္မတွေကို ကျင့်ကြံပွားများ အားထုတ်တယ်။ ဒါကြောင့် အကျိုးတရားအနေနဲ့ အသိအလိမ္မာ ဉာဏ်ပညာတွေ ရလာပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက **"သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဇိနာတိ၊ ဒါနမှန်သမျှမှာ အမြတ်ဆုံး၊ အသာဆုံးသည် ဓမ္မဒါန ဖြစ်တယ်"** လို့ ဟောကြားတော်မူခဲ့ပါတယ်။ လောကမှာ အမျိုးမျိုးသော ဒါနတွေကို လှူဒါန်းနေကြပါတယ်။ တစ်ချို့က စားစရာလှူတယ်။ တစ်ချို့က ဝတ်စရာလှူတယ်။ တစ်ချို့က နေရာထိုင်ခင်း လှူတယ်။ တစ်ချို့က ဆေးဝါးဓာတ်စာတွေ လှူဒါန်းကြပါတယ်။

ဆွမ်းလှူတယ်၊ ကျောင်းလှူတယ်၊ သင်္ကန်းတွေ လှူတယ် လို့ အမျိုးမျိုးအဖုံဖုံ လှူဒါန်းကြတဲ့အထဲမှာ အဆင့်အမြင့်ဆုံးနဲ့ အမြတ်ဆုံးဒါနကို ပြပါဆိုရင် ဓမ္မဒါနကို ပြရမှာပါ။ ဓမ္မဒါနဆိုတာ ဓမ္မဆိုင်ရာ စာအုပ်စာပေ



လှူဒါန်းတာမျိုး၊ တရားဓမ္မ ကျင့်ကြံပွားများတဲ့အခါမှာ အထောက်အပံ့ဖြစ်စေဖို့ လှူဒါန်းတာမျိုး၊ ဓမ္မနဲ့စပ်ဆိုင်တဲ့ ကိစ္စတွေမှာ လှူဒါန်းတာမျိုးပါ။ ကိုယ့်ရဲ့ အသိအမြင်တွေ၊ သင်ကြားဆည်းပူးလေ့လာထားတဲ့ ပညာတွေကို ဖြန့်ဖြူးပေးတာမျိုးပါ။

အဆင့်အတန်းအမြင့်ဆုံး ဒါနလို့ ဘယ်အတွက်ကြောင့် မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူရတာလဲဆိုရင်- ဓမ္မဒါနကို အခြေခံပြီးမှသာ တစ်ခြားဒါနတွေ ဖြစ်လာလို့ပါ။ ဓမ္မနဲ့ ဆက်စပ်တဲ့အသိဉာဏ် ဘုန်းကြီးတို့ ပရိသတ်မှာ မရှိဘူးဆိုရင် လှူရကောင်းမှန်းလည်း မသိပါဘူး။ ဥပုသ်စောင့်ရမယ် ဆိုတာလည်း နားမလည်ပါဘူး။ တရားအားထုတ်သင့်တယ်ဆိုတာလဲ မသိနိုင်ပါဘူး။ ဘယ်ကုသိုလ်မှ ပြုဖြစ်မှာမဟုတ်ပါဘူး။

အားလုံးသော ကုသိုလ်ကောင်းမှုတွေ ဖြစ်လာရတဲ့ အကြောင်းရင်းဟာ ဓမ္မကိုသိလာလို့ပါ။ တရားနာတော့ တရားကိုသိလာကြတယ်။ **"တို့ ဒီလိုနေလို့ မဖြစ်ဘူး၊ ဒါနကောင်းမှုတွေ ပြုရအုံးမယ်၊ တို့ ဒီအတိုင်း နေလို့ မတော်ဘူး၊ ဥပုသ်သီတင်းတွေ စောင့်ရအုံးမယ်၊ ငါတို့ တရားဓမ္မတွေလဲ ကျင့်ကြံပွားများရမယ်၊ သမထ ဝိပဿနာတွေ အားထုတ်ရမယ်"** လို့ တရားဓမ္မကို နာကြားပြီးတဲ့အချိန်မှာ သိလာကြပါတယ်။ သင်ယူ

မှတ်သားပြီးတဲ့ အချိန်မှာ သဘောပေါက် နားလည်လာကြပါတယ်။ ကျင့်ကြံပွားများပြီးတဲ့အချိန်မှာ ဒီအသိဉာဏ်တွေ တိုးလာကြပါတယ်။

ဒီအသိဉာဏ်ကို အခြေခံကာ ကုသိုလ်ကောင်းမှုတွေ ကြိုးစားပြုလို့ ကုသိုလ်တွေ တိုးသထက်တိုး၊ များသထက်များလာပြန်ပါတယ်။ ဒါကြောင့်မို့ ဒါနတကာ့ဒါနတွေထဲမှာ ဓမ္မဒါနဟာ အမြတ်ဆုံးပါ၊ အဆင့်အမြင့်ဆုံးပါ။

ဓမ္မမာမကာအဖွဲ့က ယောဂီဆောင် ဆောက်လုပ်ပြီးတော့ လှူဒါန်းကြတယ်ဆိုတာလည်း ပြောရရင် ဓမ္မဒါနလို့ သတ်မှတ်နိုင်ပါတယ်။ ယောဂီဆောင်မှာ ယောဂီများ လာရောက်ပြီးတော့ တရားဓမ္မတွေ ကျင့်ကြပါမယ်။ တရားဓမ္မကျင့်ဖို့အတွက် ရည်မှန်းကာ လှူဒါန်းကြတာပါ။ ချမ်းချမ်းသာသာနဲ့ တရားဓမ္မတွေ အားထုတ်နိုင်ဖို့ လှူဒါန်းကြတာပါ။ ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်၊ ရောဂါဒဏ်တွေ၊ ဘေးရန်အန္တရာယ်တွေ အကုန်ကင်းကာ ချမ်းချမ်းသာသာ ကျင့်ကြံနိုင်စေဖို့ လှူဒါန်းကြတာပါ။ အလွယ်တကူနဲ့ တရားဓမ္မတွေ သိမြင်နိုင်စေဖို့ နှလုံးသွင်းကာ၊ အာရုံပြုရည်မှန်းကာ လှူဒါန်းလိုက်တော့ ဓမ္မဒါန တရားအလှူ ဖြစ်ပါတယ်။

ဘုန်းကြီးလည်းပဲ ဓမ္မဒူတ တရားရိပ်သာ အသစ်တစ်ခု တည်ဆောက်တယ်ဆိုတာ တရားကိုပဲ အာရုံပြုတာပါ။



တောင်စွန်း ဓမ္မဒူတတောရမှာ နေမယ်ဆိုရင် အားလုံးအဆင်သင့် ပြည့်ပြည့်စုံစုံ နေနိုင်ပါတယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဘာမှမလိုပါဘူး။ ဘုန်းကြီး ပဲခူးမှာ ရိပ်သာအသစ်တစ်ခု တည်ဆောက်တော့ အခု တဲကျောင်းလေးနဲ့ နေရတယ်။ တည်ဆောက်ဆဲကာလ ဆိုတော့ ဘာမှ မပြည့်စုံသေးဘူး။ ဆင်းရဲခံ၊ ပင်ပန်းခံပြီးတော့ ဘုန်းကြီး လုပ်ကိုင်နေတယ်ဆိုတာ တရားအာရုံပြုတာပါ။

"ငါ အခု ဆင်းရဲခံ ပင်ပန်းခံပြီးတော့ ဒီလို လုပ်လိုက်လို့ရှိရင် ကိုယ်နဲ့ဆက်စပ်နေတဲ့ ပြည်တွင်းပြည်ပက တရားကျင့်လိုသူတွေ အလွယ်တကူနဲ့ လာနိုင်မယ်။ ချမ်းချမ်းသာသာနဲ့ ကျင့်နိုင် ကြံနိုင်၊ အားထုတ်နိုင်လိမ့်မယ်။ ကျင့်ကြံအားထုတ်သူတို့မှာလည်း ရသင့်ရထိုက်တဲ့ အသိဉာဏ်တွေ၊ တရားဓမ္မ အသိအမြင်တွေ တိုးတက်လာလိမ့်မယ်" လို့ ဘုန်းကြီးဘက်ကလည်း တရားဓမ္မကိုပဲ အာရုံပြုပါတယ်။ လှူဒါန်းကြတဲ့ အလှူရှင်တွေဘက်ကို ကြည့်မယ်ဆိုရင်လည်း တရားဓမ္မကိုဘဲ အာရုံပြုပါတယ်။

အခု လှူဒါန်းတဲ့ ယောဂီဆောင် တည်ဆောက်ပြီးရင် ဒီအဆောင်မှာ ဘုန်းကြီးတို့ ဓမ္မမာမကာ အသင်းသူအသင်းသားတွေ၊ သူတို့ကိုယ်တိုင်လည်းပဲ ကျင့်ကြံကြမှာပဲ။ တစ်ခြား တစ်ခြားသော မြို့ရွာအသီးသီးက သူတွေလည်း လာပြီးတော့ ကျင့်ကြမှာပဲ။ ဒီ ရိပ်သာထဲမှာ တရားဓမ္မတွေ



ပွားများပြီးတော့ အသိဉာဏ်တွေ ရလာမယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ရလာပါလိမ့်မယ်။ ဒီလို အာရုံပြုကာ လှူဒါန်းတဲ့ဒါနသည် ဓမ္မဒါနအစစ်ပါ။ ဒါကြောင့်မို့ ဓမ္မဒါနသည် အသိအလိမ္မာ ဉာဏ်ပညာကို ပေးနိုင်ပါတယ်။

**တရားဓမ္မရဲ့ ချစ်စရာကောင်းတဲ့ နောက် အချက်လေးတစ်ချက်က ဘာလဲဆိုရင် သောကတွေကို ကင်းဝေးစေပါတယ်။** တစ်ချို့က သောကတွေနဲ့ ပင်ပန်းပြီးတော့ နေကြပါတယ်။ ပူလောင် ညှိုးနွမ်းပြီးတော့ နေကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သောကတွေ ရောက်နေကြပါတယ်။ တစ်ချို့ကလည်း စီးပွားရေးကြောင့်၊ တစ်ချို့ကလည်း ပညာရေးကြောင့်၊ တစ်ချို့ကလည်း သားရေး၊ သမီးရေးကြောင့် စိတ်ထဲမှာ မအေးနိုင်ဘူး။ ပူလောင်ပြီးတော့ သောကတွေရောက်နေတယ်။

အပူသောကတွေကို ငြိမ်းပေးနိုင်တာ တရားဓမ္မပါ။ ရင်ထဲမှာ တောက်လောင်နေတဲ့ သောကမီး၊ အပူမီးတွေကို ငြိမ်းပေးနိုင်တာသည် တရားဓမ္မပါ။ တရားဓမ္မကို အသေအချာ ကြိုးစားအားထုတ် ကျင့်ကြံလိုက်ရင် အပူသောက မီးတောက်တွေ ကင်းပျောက်သွား နိုင်ပါတယ်။

ဒါဟာ တရားရဲ့စွမ်းရည်၊ တရားရဲ့ အရည်အချင်းပါ။ တရားရဲ့ ချစ်စရာကောင်းတဲ့ အချက်တစ်ချက်ပါ။

တရားချစ်တဲ့သူဟာ တရားရဲ့ အကျိုးကျေးဇူးကို

ကိုယ်တွေ့မျက်မြင်သိလာကြပါတယ်။ တရားအကြောင်းလည်း မသိ၊ တရားအကြောင်းကို သိအောင်လည်း မလေ့လာ၊ တရားလည်း မနာ၊ သင်လည်း မသင်၊ ဖတ်လည်း မဖတ်ဖူး၊ မှတ်လည်း မမှတ်ဘူးဆိုရင် တရားကို အားကိုးရကောင်းမှန်း မသိနိုင်ပါဘူး။ မြတ်နိုးရကောင်းမှန်း မသိနိုင်ပါဘူး။

လင်သေ၊ သားသေလို့ သောကတွေနဲ့ ငိုကြွေး ပူဆွေးနေတဲ့ "ပဋာစာရီ"ဟာ တရားဓမ္မ သူ့ရင်ထဲ ရောက်လာတော့ သောက ငြိမ်းပျောက်သွားပါတယ်။ ဗန္ဓုလစစ်သူကြီးကတော် "မလ္လိကာ"ဟာ ခင်ပွန်းစစ်သူကြီးနဲ့ သား (၃၂)ယောက် တစ်ပြိုင်နက် သေတယ် ဆိုတဲ့ သတင်းစကား ကြားသိတာတောင် သောကကင်းကင်းနဲ့ နေနိုင်တာဟာ တရားရဲ့ စွမ်းရည်ပါ။

တကယ်တမ်း တရားဓမ္မ အားထုတ်နေတဲ့သူ၊ တရားဓမ္မ ကျင့်ကြံနေတဲ့သူမှာ စိတ်တွေ ငြိမ်းအေးပါတယ်။ ပူလောင်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေ ခေတ္တခဏ ကင်းကွာနေတဲ့အချိန်မှာ သောကငြိမ်းပါတယ်။

သူတော်ကောင်းတရားကို နာယူမှတ်သား အားထုတ်နေတဲ့ အချိန်မှာ စိတ်အေးချမ်းသာမှုကို အပြည့်အဝ ရရှိနိုင်တာမို့ သူတော်ကောင်းတွေဟာ တရားကိုလေးစားပါတယ်။ မြတ်နိုးတန်ဖိုးထားပါတယ်။

ဓမ္မမာမကာ အသင်းသားတွေလည်း တရားကို ချစ်မြတ်နိုးရပါမယ်။ ပညတ်သွားရာ ဓာတ်သက်ပါဆိုတော့



နာမည်နဲ့လိုက်အောင် နေရပါမယ်။

ဓမ္မမာမကာ ဆိုပြီးတော့ တရားလည်းမနာ၊ တရားလည်းမသင်၊ တရားလည်းမကျင့်ဘူးဆိုရင် နာမည်က တစ်ခြား၊ လူကတစ်ခြား ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် နာမည်နဲ့လိုက်အောင် နေကြဖို့တော့ လိုပါတယ်။

ဝိသာခါကျောင်းအမကြီး ကျောင်းသွားပြီဆိုရင် လက်ထဲဘာမှမပါဘဲ မသွားပါဘူးတဲ့။ ကျောင်းအမကြီးဆိုပြီး ကျောင်းဆောက်ပြီးတော့ ပစ်ထားတာမဟုတ်ပါဘူး။ နေ့တိုင်း ကျောင်းသွားပါတယ်။ မနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျောင်းကိုသွားပြီး တရားနာပါတယ်။ လိုအပ်သမျှကို အမြဲတမ်း လာကြည့်တယ်။ ဆွမ်း၊ သင်္ကန်း၊ ဆေး တစ်ခုခု လိုအပ်တာရှိခဲ့ရင် အမြဲတမ်းဖြည့်ဆည်းလှူဒါန်းပေးပါတယ်။

အမြဲတမ်း လှူဖို့တန်းဖို့ပဲ နှလုံးသွင်းနေလို့၊ အလှူရေစက် လက်နဲ့မကွာပြုခဲ့လို့ ယနေ့ထက်တိုင် ဝိသာခါကျောင်းအမကြီးရဲ့နာမည် မပျောက်ကွယ်ဘဲနဲ့ ကမ္ဗည်းတင်ကျန်ခဲ့တာပါ။ ဒီကျောင်းအမကြီးဟာ လူ့လောကမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ရှိနေခဲ့တာပါ။ လူကိုယ်တိုင်ကိုတော့ ဘယ်သူမှ မတွေ့ဖူး၊ မမြင်ဖူးပါဘူး။ ဒါပေမဲ့ သူ့နာမည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။



ဘုန်းကြီးတို့ ဝိသာခါအဖွဲ့သားတွေလည်း ဒီအတိုင်း ရှိရပါမယ်။ **ဓမ္မမာမကာ ဝိသာခါ အသင်းသူ၊ အသင်းသားတွေဟာလည်း လှူဖို့တန်းဖို့ အမြဲကြည့်နေတဲ့ ဝိသာခါ မျက်လုံး တပ်ထားရပါမယ်။ ရှိထားရပါမယ်။**

အများအတွက် အကျိုးဆောင်ပြီးတော့ သာသနာတော်ရဲ့အကျိုးကို ထမ်းဆောင်ပြီးတော့ နေကြမယ် ဆိုရင် ဒီအဖွဲ့အစည်းဟာ အမြဲတမ်းရှင်သန်ပြီးတော့ နေပါလိမ့်မယ်။ ဒီစိတ်ထားမျိုး ရှိနေဖို့ ဘုန်းကြီးတို့ပရိသတ် တရားကို ချစ်မြတ်နိုးရပါမယ်။

လောကလူပေါင်းများစွာရဲ့အလယ်မှာ အမြဲတမ်းကောင်းတဲ့ သတင်းတွေ မွှေးကြိုင်ပျံ့နှံ့ကျော်စောပြီး နေချင်တယ်ဆိုရင် တရားဓမ္မကို နာယူကျင့်သုံးရပါမယ်။ ဝိသာခါကျောင်းအမကြီး ဂုဏ်သတင်းတွေ သင်းပျံ့နေတာ၊ တွေ့တဲ့သူမှန်သမျှက တလေးတစားနဲ့ ခေါ်ကြ၊ ပြောကြ၊ နှုတ်ဆက်ကြ၊ ချစ်မြတ်နိုးကြတယ်ဆိုတာ သူ့ရဲ့သန္တာန်မှာ ကိန်းအောင်းနေတဲ့ တရားဓမ္မကြောင့်ပါ။ တရားဓမ္မကို လေးစားမြတ်နိုးမယ်ဆိုရင် ဘုန်းကြီးတို့ပရိသတ် အဲဒီအကျိုးတရားတွေကို ရနိုင်တာမို့ သူတော်ကောင်းတွေက တရားကို ချစ်မြတ်နိုးကြပါတယ်။

တရားဓမ္မကိုချစ်ခင်မြတ်နိုး၊ လေးစားတွယ်တာတယ်ဆိုတာ သူတော်ကောင်းတွေရဲ့ အမူအကျင့်၊ စရိုက်လက္ခဏာပါ။ ဘုန်းကြီးတို့ပရိသတ်လည်း သူတော်ကောင်း

တရားတွေ နာကြားပြီး၊ ကျင့်ကြံပြီးတဲ့အချိန်မှာ ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ နေမယ်ဆိုရင် ကောင်းသတင်းတွေ ပျံ့နှံ့ကျော်ကြား လာပါလိမ့်မယ်။

ကျိုက်ထိုမြို့က ဓမ္မမာမကာဝိသာခါအဖွဲ့ဟာ ညီညီညွတ်ညွတ်၊ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး ရှိကြတယ်။ သဒ္ဓါတရားတွေလည်းကောင်းပြီး အချင်းချင်းလည်း ချစ်ခင်မြတ်နိုး၊ လေးစားမှုတွေရှိကြတယ်။ တရားလည်း နာယူကျင့်ကြံအားထုတ်ကြတယ်ဆိုတဲ့ ကောင်းတဲ့ဂုဏ်၊ ကောင်းတဲ့သတင်းတွေ သင်းပျံ့နေတာ လိုချင်တယ်ဆိုရင် တရားကို ချစ်ခင်မြတ်နိုးကြပါ။ **ကောင်းတဲ့ဂုဏ်သတင်းတွေကို ပေးစွမ်းနိုင်တာကလည်း တရားရဲ့ချစ်စရာ အချက်တစ်ချက် ပါပဲ။**

**နောက်တစ်ချက်က တရားကိုချစ်မယ် ဆိုရင် ရရှိထားတဲ့ စည်းစိမ်ချမ်းသာအဖြာဖြာတွေ တည်တံ့နေတိုးတက်နေပါမယ်တဲ့။** တစ်ချို့ ရုတ်တရက် ကြီးပွားချမ်းသာပြီးတော့ တရားလက်လွှတ်နေလိုက်တဲ့ အချိန်မှာ ဝုန်းခနဲ၊ ဒိုင်းခနဲ စီးပွားတွေပျက်ပြီး နဂိုမူရင်း ဒုံရင်း၊ ဒုံရင်း ပြန်ဖြစ်သွားတာ တွေ့ဖူးကြမှာပါ။

အမြဲတမ်းချမ်းသာပြီး တစ်ဆင့်ထက် တစ်ဆင့် တိုးတက်ချင်တယ်ဆိုရင် တရားကို အားကိုးရပါမယ်။ ဒါနကောင်းမှုကိုပြု၊ သီလကောင်းမှုကိုဆောက်တည်၊



ဘာဝနာကောင်းမှုတွေကို အမြဲတမ်း ကြိုးစားပွားများ အားထုတ်နေမယ်ဆိုရင် ဘုန်းကြီးတို့ ပရိတ်သတ်တွေ အမြဲချမ်းသာသုခတွေ တည်မြဲနေပါမယ်၊ စီးပွားဥစ္စာတွေ၊ ချမ်းသာသုခတွေ တိုးတက်နေပါမယ်။ ဆင်းရဲဒုက္ခ အားလုံးက လွတ်မြောက်နိုင်၊ လွတ်ကင်းနိုင်ပါမယ်။

ဆင်းရဲဒုက္ခတွေ တစ်ခုမကျန်အောင် ချုပ်ငြိမ်းစေတာလည်း တရားရဲ့စွမ်းရည်တစ်ရပ်ပါပဲ။ ဘုန်းကြီးတို့ ရောဂါဝေဒနာတွေ ဖြစ်ပြီး ကိုယ်ဆင်းရဲနေတဲ့ အခါမှာလည်း မသက်သာပါဘူး၊ လူကတော့ ပစ္စည်းဥစ္စာတွေနဲ့ ချမ်းချမ်းသာသာပါ။ ဒါပေမဲ့လို့ စိတ်မချမ်းသာဘူး။ စိတ်ဆင်းရဲတယ်ဆိုရင်လည်း မကောင်းပါဘူး။ စားဝတ်နေရေး မပြည့်စုံလို့ ကိုယ်ဆင်းရဲရတာလည်း မကောင်းပါဘူး။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ဆင်းရဲမှန်သမျှ ဘယ်ဟာမှ မကောင်းပါဘူး။

**ဆင်းရဲဒုက္ခတွေ ကင်းပျောက်စေပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေတာ တရားဓမ္မပါ။** တရားဓမ္မကို ချစ်မြတ်နိုးရင် ဟောဒီဘဝမှာရှိနေတဲ့ ဆင်းရဲဒုက္ခ၊ သံသရာဘဝတစ်လျှောက်လုံးမှာ ကြုံနေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်မြောက်နိုင်ပါတယ်။ တရားဓမ္မကို ဖက်တွယ်လိုက်တာနဲ့၊ ချစ်မြတ်နိုးလိုက်တာနဲ့ ရလာတဲ့ အကျိုးတွေ အများကြီးပါ။ ဒါကြောင့် တရားဓမ္မတွေကို ချစ်ခင်မြတ်နိုးကြရတာပါ။



ချစ်စရာကောင်းတဲ့ ဓမ္မ၊ ချစ်စရာကောင်းတဲ့ အချက်တွေနဲ့ ပြည့်စုံတဲ့ ဓမ္မဟာ အလုံးစုံသော ချမ်းသာတွေကို ပေးနိုင်ပါတယ်။ ဒုက္ခဆိုတာ နည်းနည်းရှိရင်လည်း နည်းနည်း ဒုက္ခပေးပါတယ်။ များများရှိလည်း များများဒုက္ခပေးပါတယ်။ နည်းနည်းရှိရင်လည်း မကောင်း၊ များများရှိရင်လည်း မကောင်းဆိုတော့ ဘယ်ဒုက္ခမှ မကောင်းပါဘူး။ ဘယ်ဒုက္ခမှ မသက်သာပါဘူး။ ပဋိသန္ဓေနေရတာလည်း ဒုက္ခ၊ အိုရတာ နာရတာလည်း ဒုက္ခ၊ သေရတာလည်း ဒုက္ခပါပဲ။

အို၊ နာ၊ သေခြင်းကင်းပြီး ဆင်းရဲဒုက္ခတွေ အကုန်ချုပ်ငြိမ်းတဲ့ နေရာဟာ နိဗ္ဗာန်ပါ။ နိဗ္ဗာန်ကို ရောက်အောင် ပို့မှာက တရားဓမ္မပါ။ နိဗ္ဗာန်အရောက်နှင်မယ့် မဂ္ဂင်ဖောင်ကြီးဆိုတာ တရားဓမ္မပဲဖြစ်ပါတယ်။ တရားဓမ္မတွေကို ချစ်တဲ့သူတွေမှာ မကောင်းကျိုးတွေ ဘာတစ်ခုမှ ရစရာမရှိပါဘူး။ ကောင်းကျိုးချမ်းသာတွေ မှန်သမျှ အကုန်လုံးပြည့်စုံနိုင်ပါတယ်။ တရားဓမ္မဆိုတာ တစ်သက်လုံး ချစ်စရာကောင်း၊ မြတ်နိုးစရာကောင်း၊ ယုယတွယ်တာချစ်စရာကောင်းတဲ့ တရားပါ။ ချစ်စရာကောင်းတဲ့တရားကို ချစ်မြတ်နိုးတဲ့သူဟာ ဓမ္မမာမကာပါ။

ဓမ္မမာမကာ ဝိသာခါအဖွဲ့က ယခု ပထမအကြိမ် ကျပ်(၁၀)သိန်း လှူဒါန်းထားပါတယ်။ ဒီနှစ်ထဲမှာပဲ ဒုတိယအကြိမ်၊ တတိယကြိမ် ထပ်လှူကြပါအုံးမယ်။ ဒါကြောင့်

ဒီနှစ်ထဲမှာ ဘုန်းကြီး စဉ်းစားထားပါတယ်။ ဓမ္မမာမကာ ဝိသာခါအဖွဲ့ရဲ့ယောဂီဆောင် ဒီနှစ်ထဲမှာပဲ ပြီးပါလိမ့်မယ်။ အဲဒီအခါမှာ ဒီလိုတရားဓမ္မမျိုးကို တကယ်ချစ်မြတ်နိုးတဲ့စိတ်နဲ့ တရားဓမ္မတွေကို ကျင့်ကြံ အားထုတ်ပွားများကြမယ်ဆိုရင် ကောင်းကျိုးချမ်းသာတွေ ရကြပါမယ်။

ဘုန်းကြီးတို့ ဓမ္မဒူတတောရရိပ်သာကို အနယ်နယ် အရပ်ရပ်က ယောဂီတွေရောက်လာကြမယ်။ ရဟန်းရှင်လူ အားလုံးသော ယောဂီတွေ မိမိတို့လှူဒါန်းထားတဲ့ ဒီယောဂီဆောင်မှာ သီတင်းသုံးပြီးတော့ တရားဓမ္မတွေ ကျင့်ကြံ ပွားများအားထုတ်ကြမယ်ဆိုရင် ဘုန်းကြီးတို့ ပရိသတ်မှာ ကုသိုလ်တွေ တိုးပါတယ်။

ဓမ္မကိုအာရုံပြုရင် ဤကောင်းမှုသည် ဓမ္မဒါန၊ အလှူ့တကာအလှူထဲမှာ အမြတ်ဆုံးဒါန ဖြစ်ပါတယ်။ ဒါကြောင့်မို့ ယခုယောဂီဆောင် လှူဒါန်းကြတဲ့နေရာမှာ ဘုန်းကြီးက ဓမ္မကိုအာရုံပြုလှူဒါန်းပါလို့ တိုက်တွန်းရတာ ဖြစ်ပါတယ်။

ဒီအသင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်တယ် ဆိုတာ ဓမ္မကိုအာရုံပြုပြီး ဖွဲ့စည်းတည်ထောင် ထားတာဖြစ်လို့ ကုသိုလ်ပြုတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး ရှိကြမယ်၊ စေတနာ၊ ကရုဏာတရားတွေ ရှေ့ထားပြီးတော့ ဖေးဖေးမမနဲ့



တစ်ဦးနဲ့တစ်ဦး ဝိုင်းဝန်းကူညီကြမယ်၊ စောင့်ရှောက်ကြမယ် ဆိုရင် ဘုန်ကြီးတို့ဖွဲ့စည်းထားတဲ့ ဒီအဖွဲ့သည် အရှည်သဖြင့် တည်တံ့ခိုင်မြဲပါလိမ့်မယ်။ အဲဒီလို အရှည်သဖြင့်ခိုင်မြဲပြီးတော့ အစဉ်သဖြင့် ကောင်းမှုကုသိုလ်တွေပြုနိုင်မယ်ဆိုရင် ကုသိုလ်တွေ တိုးသထက်တိုး၊ ပွားသထက်ပွားပါတယ်။

တစ်ဦးတစ်ယောက်ကောင်း ကိုယ်လှူချင်သလောက် လှူတာက လွယ်ပါတယ်။ ခုလို စုပေါင်းပြီး တစ်နှစ်လုံးအတွက် စုဆောင်းစုပေါင်းပြီးတော့ လှူရမယ့် အခွင့်အရေးဆိုတာ ရဖို့မလွယ်ပါဘူး။ ကိုယ်တိုင်လှူမယ် ဆိုရင် ကိုယ့်အတွက်ပဲ ရသင့်ရထိုက်တဲ့အကျိုး ရပါတယ်။ အခုလို အသင်းအဖွဲ့နဲ့ လှူလိုက်မယ်ဆိုရင် မိမိလည်းပဲအကျိုးရ၊ အများလည်းပဲ အကျိုးရပါတယ်။

ကိုယ်တိုင်လှူရတာလည်းဖြစ်၊ သူတစ်ပါးကိုလည်း တိုက်တွန်းရတာဖြစ်လို့ ဘုန်းကြီးတို့ ကုသိုလ်ရှင် ကောင်းမှုရှင်တွေမှာ ကိုယ်တိုင်လှူဒါန်းလို့ရတဲ့ အကျိုးအပြင် သူတကာတို့ကို နှိုးဆော်တိုက်တွန်းတဲ့ ကုသိုလ်ပါရတာမို့ အခြံအရံနဲ့ ပြည့်စုံတယ်ဆိုတဲ့ အကျိုးတစ်ပါးပါ ထပ်တိုး ရရှိပါတယ်။

တစ်ချို့က ချမ်းတော့ချမ်းသာပါရဲ့၊ အခြံအရံ ပရိသတ်တွေ နည်းပါးပါတယ်ဆိုတာ သူတစ်ပါးကို ကုသိုလ်ပြုဖို့ တိုက်တွန်းနှိုးဆော်မှု မပြုခဲ့လို့ပါ။ တစ်ချို့ကျတော့ ချမ်းသာသုခလည်း ပြည့်စုံတယ်၊ ခြွေရံပရိသတ်လည်း ပြည့်စုံ



တယ်ဆိုတာ ခုလိုပြုကြတဲ့ စုပေါင်းဒါန၊ စုပေါင်းအလှူမျိုး ကြောင့်ပါ။

တစ်ချို့က အဲဒီလို တိုက်တွန်းနှိုးဆော်မှု သတိပေးမှု လှူကြ၊ တန်းကြတာဆိုတော့ -

“သူ့အတွက်လည်း ကုသိုလ်ဖြစ်၊ ကိုယ့်အတွက်လည်းပဲ ကုသိုလ်တိုးတဲ့ ဤကောင်းမှုမျိုးကို ငါတို့ ယနေ့ ယခုမှာ ပြုကြတယ်။ နောင်လည်း ငါတို့ အရှည်တည်တံ့အောင် ပြုကြမယ်လို့ နှလုံးသွင်းအာရုံပြုကာ ကုသိုလ်ကောင်းမှုများ ဆထက်တိုး၊ ပွားများအောင် ပြုနိုင်ကြစေ. . .၊ ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြသဖြင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို လျင်မြန်စွာနဲ့ လွယ်ကူစွာနဲ့ ရနိုင်၊ ရောက်နိုင် မျက်မှောက်ပြုနိုင်ကြပါစေ . . .” လို့ - ဆုတောင်းပတ္ထနာ ပြုလိုက်ပါတယ်။ ။

# ကျေးဇူးစကား

ဤစာအုပ်ဖြစ်လာစေရန် အသံသွင်းတိတ်ခွေမှ စာမူကြမ်း ရေးကူးပေးသော ဒေါ်မာမာဆွေ (ကျိုက်ထို)၊ ကွန်ပျူတာစာမူ ရိုက်နှိပ်ပေးသော မစန္ဒာမင်း (B.C.Sc) တို့အား အထူးကျေးဇူး တင်ရှိပါသည်။

**ဓမ္မဒူတ—ဒေါက်တာအရှင်ပညိဿရ**
**ဓမ္မဒူတတောရ သာသနာ့ ရိပ်သာ**
**ဆယ်မိုင်ကုန်း၊ ပဲခူးမြို့။**